# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်ကြော်ငြာစာအမှတ် ၇၇ / ၂၀၂၄

၁၃၈၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၃ ရက်

( ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၆ ရက် )

## တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုဝန်ကြီးဌာနအသီးသီးက ဆောင်ရွက်သည့် တည်ဆောက်ရေးလုပ်ငန်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏ ဦးတည်ချက်များနှင့်အညီ ဦးစားပေးကဏ္ဍအလိုက် အတည်ပြုခြင်း၊ ဆိုင်းငံ့ခြင်း၊ ပယ်ဖျက်ခြင်းနှင့် ပြင်ဆင်အတည်ပြုခြင်းစသည့် စိစစ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် **"တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | အမြဲတမ်းအတွင်းဝန်<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | အမြဲတမ်းအတွင်းဝန်<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | အမြဲတမ်းအတွင်းဝန်<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | အမြဲတမ်းအတွင်းဝန်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | အမြဲတမ်းအတွင်းဝန်<br>သယံဇာတနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | အမြဲတမ်းအတွင်းဝန်<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ဈ) | အမြဲတမ်းအတွင်းဝန်<br>စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | အမြဲတမ်းအတွင်းဝန်<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | အမြဲတမ်းအတွင်းဝန်<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | အမြဲတမ်းအတွင်းဝန်<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | အမြဲတမ်းအတွင်းဝန်<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | အမြဲတမ်းအတွင်းဝန်<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | ညွှန်ကြားရေးမှူးချုပ်<br>အဆောက်အဦဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အတွင်းရေးမှူး |

၂။ တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီအဖွဲ့ဝင် ဝန်ကြီးဌာနများအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာန၊ တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေး ဆပ်ကော်မတီများ ဖွဲ့စည်းပြီး စိစစ်ထားရှိမှုများကို တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီသို့ ဆက်လက်တင်ပြအတည်ပြုချက်ရယူသွားရန်၊

(ခ) စီမံကိန်းလုပ်ငန်းကြီးများကို သက်ဆိုင်ရာဝန်ကြီးဌာနက နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီရုံးသို့ မူအားဖြင့် အတည်ပြုချက်ရယူရန်နှင့် သက်ဆိုင်ရာဝန်ကြီးဌာန၊ တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေး ဆပ်ကော်မတီများမှ စိစစ်တင်ပြလာသော လုပ်ငန်းများကို တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီမှ ထပ်မံစိစစ် ဆောင်ရွက်သွားရန်၊

(ဂ) သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ယူတည်ဆောက်မည့် အဆောက်အဦနှင့် ပတ်သက်သော ရုံး၊ ကျောင်း၊ လူနေအိမ်၊ အိပ်ဆောင်၊ ဝန်ထမ်းအိမ်ရာများ၊ ရိပ်သာ များအား ရာထူးအဆင့်အတန်းအလိုက် ပုံစံ၊ ဒီဇိုင်းနှင့် သုံးစွဲမည့်ပစ္စည်းများအား တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီမှ စိစစ်ပေးရန်၊

(ဃ) တည်ဆောက်ရေးလုပ်ငန်းများ၏ လုပ်ငန်းအစီအစဉ်နှင့် တိုးတက်မှုအခြေအနေများကို လိုအပ်ပါက စိစစ်သုံးသပ်ရန်၊

(င) ဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၏ တည်ဆောက်ရေးလုပ်ငန်းများကို တည်ဆဲစည်းမျဉ်း၊ ညွှန်ကြားချက်များနှင့်အညီ စိစစ်သွားရန်၊

(စ) ဌာနဆိုင်ရာများမှ တည်ဆောက်ရေးလုပ်ငန်းများအား တည်ဆောက်ရာတွင် သုံးစွဲသည့် ပစ္စည်းနှင့် ဈေးနှုန်းများ မှန်ကန်မှုရှိ/မရှိ၊ ပုံစံနှင့် ခန့်မှန်းခြေစာရင်းများ ကိုက်ညီမှုရှိ/မရှိ စိစစ်ရန်၊

(ဆ) သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဆောင်ရွက်ရမည့် တည်ဆောက်ရေး လုပ်ငန်းများကို လုပ်ငန်းမဆောင်ရွက်မီ အခြေအနေနှင့် ဆောင်ရွက်ပြီးပါက သတ်မှတ်ထားသော စီမံကိန်းပါအချက်အလက်များနှင့် ကိုက်ညီမှုရှိ/မရှိ စိစစ်ရန်နှင့် အခြေအနေအရ လိုအပ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၊ တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေး ဆပ်ကော်မတီအဖွဲ့ဝင် ဝန်ကြီးဌာနများက ကွင်းဆင်းစိစစ်နိုင်ရေး ကြပ်မတ်ဆောင်ရွက်ပေးသွားရန်၊

(ဇ) တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီအဖွဲ့ဝင် ဝန်ကြီးဌာနများအနေဖြင့် ဖွဲ့စည်းထားသော ဝန်ကြီးဌာန၊ တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေး ဆပ်ကော်မတီများမှ မိမိတို့ ဆောင်ရွက်ရမည့် လုပ်ငန်းများကို တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်ဖြင့် စိစစ်ဆောင်ရွက်ပေးရန်၊

(ဈ) ဝန်ကြီးဌာနများမှ တင်ဒါစနစ်ဖြင့် ဆောင်ရွက်သောလုပ်ငန်းများတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ QA/QC (သို့မဟုတ်) ကန်ထရိုက်မှတ်ပုံတင် လက်မှတ်ရရှိထားသော QA/QC ကုမ္ပဏီများမှ လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်အလိုက် စစ်ဆေးမှုကို သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ဖွဲ့စည်းထားသော ဝန်ကြီးဌာန၊ တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေး ဆပ်ကော်မတီများမှ ထပ်ဆင့်စိစစ်ဆောင်ရွက်ရန်၊

(ည) တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီအဖွဲ့ဝင် မဟုတ်သည့် ဝန်ကြီးဌာနများ၏ တည်ဆောက်ရေးလုပ်ငန်းများကို တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီအဖွဲ့ဝင် ဖြစ်သော ဝန်ကြီးဌာန၊ တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးဆပ်ကော်မတီများအား တာဝန်ပေးအပ်ဆောင်ရွက်ရန်၊

(ဋ) ကော်မတီသည် လိုအပ်သောလုပ်ငန်းလမ်းညွှန်ချက်များကို ထုတ်ပြန်ဆောင်ရွက်သွားရန်၊

(ဌ) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးမှ ညွှန်ကြားလာသည့် လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်။

၃။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၂၆ - ၂ - ၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၃ / ၂၀၂၁၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၅ - ၃ - ၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၃ / ၂၀၂၁၊ ၁၂ - ၆ - ၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာ**အမှတ်** ၁၈၂ / ၂၀၂၁၊ ၅ - ၁၀ - ၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၂၃ / ၂၀၂၁၊ ၂၅ - ၂ - ၂၀၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၆/၂၀၂၂ နှင့် ၆-၁၀-၂၀၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၇၃/၂၀၂၂ တို့ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်ပါသည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ